# အယူခံမှု

**အယူခံမှု** ဆိုသည်မှာ –

ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ကောက်ခံသည့် အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ တာဝန်ယူ ကောက်ခံသည့် ဌာနများက ချမှတ်သည့် အခွန် ဆိုင်ရာ အမိန့်ကို မကျေနပ်၍ သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန် ပေးအပ် ခြင်းခံရသော အစိုးရ ဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက ချမှတ်သည့် အခွန် ဆိုင်ရာ အပြီးသတ် ဆုံးဖြတ်ချက် တစ်ခုခုကို မကျေနပ်၍ သော်လည်းကောင်း လျှောက်ထားသူမှ အခွန် အယူခံ ခုံအဖွဲ့ ထံ အယူခံသည့်အမှုကို ဆိုသည်။

**ကာလစည်းကမ်းသတ်**

အယူခံမှု လျှောက်ထားခြင်းကို သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ကိုးဆယ်အတွင်း အချိန်မှီ လျှောက်ထားရန် လိုအပ်ပါသည်။

**အမှုတင်သွင်းလျှောက်ထားခြင်း**

- အမှုတင်သွင်းလျှောက်ထားပါက လျှောက်ထားသူ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ အကျိုးဆောင် ရှေ့နေဖြင့် ဖြစ်စေ အခွန်အယူခံ ခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည် ဖြစ်ပါသည်။
- အမှုတင်သွင်း လျှောက်ထားပါက သတ်မှတ်ပုံစံ နှင့် အညီ လိုအပ်သော အထောက်အထားများကို ပူးတွဲ လျက် လျှောက်ထားရန် လိုအပ်ပါသည်။
- အမှုတင်သွင်းလျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများအား ($A_4$ size) စာရွက်ဖြင့်လည်း တင်သွင်း လျှောက်ထားနိုင်ပါသည်။
- အယူခံအမှုများ လျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများ ပြည့်စုံစွာပါရှိရန် လိုအပ်ပါသည် –
    - ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော **အယူခံမှု လျှောက်ထားလွှာ ပုံစံ (အခယ–၁)** မူရင်း (၁) စောင်နှင့် မိတ္တူ (၆)စောင်၊
    - အကောက်ခွန် အယူခံမှုအတွက် သက်ဆိုင်ရာမြို့နယ် အကောက်ခွန်ဦးစီးဌာန သို့မဟုတ် အကောက်ခွန် ဦးစီးဌာန (ရုံးချုပ်) မှ ချမှတ်သည့် သိမ်းဆည်းအမိန့် သို့မဟုတ် ဒဏ်ငွေတပ်ရိုက်သည့် အမိန့်၏ တာဝန်ခံ မိတ္တူ (Certified Copy) မူရင်း (၁)စောင်နှင့် မိတ္တူ (၆)စောင်၊

- ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ကျန်ရှိသည့် အခွန်အကောက် အယူခံမှုများအတွက် သက်ဆိုင်ရာဌာနက ချမှတ်သည့် စည်းကြပ်အမိန့်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း(၁)စောင်နှင့် မိတ္တူ (၆) စောင် သို့မဟုတ် အခွန်တောင်းခံစာ မူရင်း (၁)စောင်နှင့် မိတ္တူ (၆) စောင်၊
- အမှုအတွက် တင်သွင်းလိုသည့် အထောက်အထားစာရွက်စာတမ်းများ မူရင်း (၁) စောင် နှင့် မိတ္တူ (၆) စောင်၊
- ကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ဘဲ ရှေ့နေဖြင့် လျှောက်ထားခြင်း ဖြစ်ပါက ရုံးခွန်အကျ ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော တရားမ ကိုယ်စားလှယ် လွှဲစာ (Civil Power) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင် ၊ ကိုယ်စားလှယ်ဖြစ်ပါက တရားလိုမှ တရားဝင်လွှဲအပ်သည့် (Special Power) သို့မဟုတ် (General Power)မူရင်း (၁)စောင်နှင့် မိတ္တူ (၆) စောင်တို့ ပါရှိရမည် ဖြစ်ပါသည်။

**- သတ်မှတ် လျှောက်ထားလွှာ နမူနာပုံစံ ပူးတွဲဖော်ပြထားပါသည် -**

**ရုံးခွန်ထိုက်သင့်မှု**

- အယူခံမှုလျှောက်ထားခြင်းအတွက် ရုံးခွန် ထိုက်သင့်မှုမှာ ၅၀၀ ကျပ် ဖြစ်ပါသည်။
- ထိုက်သင့်သည့် ရုံးခွန် ကပ်တံဆိပ်ခေါင်း၏ နမူနာ ပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -



**အခွန်အယူခံ ခုံအဖွဲ့ ရုံးတော်**

၂၀ ခုနှစ်၊ -------------- **အယူခံအမှုအမှတ် (          )**

အမည် - ---------------------------

နိုင်ငံသား စိစစ်ရေးကဒ်အမှတ် - ---------------------------

လိပ်စာ - --------------------------- --------------- လျှောက်ထားသူ

- ---------------------------

ဖုန်းနံပါတ် - ---------------------------

နှင့်

အမိန့်ထုတ်ပြန်သည့် - ---------------------------

ဌာန၏ အမည်နှင့် - --------------------------- --------------- လျှောက်ထားခံရသူ

တည်ရှိရာအရပ် - ---------------------------

- ---------------------------

(အထက်ပါလိပ်စာသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ တို့အား ဆင့်ဆိုရန် လိပ်စာ ဖြစ်ပါသည်။ သို့မဟုတ် လိပ်စာကို သီးခြားလျှောက်လွှာ စာတွဲဖြင့်လည်း တင်သွင်းနိုင်သည်။)

**လျှောက်ထားသူ၏** ----------------------------------------------- ---------------------------- **အယူခံလွှာ တင်ပြလျှောက်ထားခြင်း**

အထက်ပါအမှုအား လျှောက်ထားသူ **ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်**မှ အောက်ပါအတိုင်း လျှောက်ထားအပ်ပါသည်။

**အမှုအကြောင်းအရာအကျဉ်း**

အမှုမှာ ----------------------------------------------------------------------------------------- ------------------------------------------------------------------------------------။

**ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းအပေါ် အယူခံ အကြောင်းပြချက်များ**

၁။ ကာလစည်းကမ်းသတ် ကျော်လွန်သည့် အမှုဖြစ်မှသာ တင်ပြရန် ---------------------------------------------- ------------------------------------------------------------------။

**အယူခံ အကြောင်းပြချက်များ**

၁။ ------------------------------------------------------------------------------------------ --------------------------။

၂။ ------------------------------------------------------------------------------------------ --------------------------။

(လက်မှတ်)
လျှောက်ထားသူ၏ ရှေ့နေ ကိုယ်စားလှယ်အမည်
နိုင်ငံသား စိစစ်ရေးကတ်အမှတ် (သို့) ရှေ့နေဖြစ်ပါက
လိုင်စင်အမှတ်၊ လိပ်စာ အပြည့်အစုံ

( သို့မဟုတ် )

(လက်မှတ်)
လျှောက်ထားသူအမည်
နိုင်ငံသား စိစစ်ရေးကတ်အမှတ်
လိပ်စာ အပြည့်အစုံ

အမှုတင်သည့်နေ့စွဲ။ ------------------------။

လျှောက်ထားချက်နှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများစာရင်း